MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business




# လုပ်ငန်းခွင်တွင် မြန်မာ့ယဉ်ကျေးမှုကို လေးစားလိုက်နာခြင်း

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အစိုးရမှခန့်အပ်တာဝန်ပေးသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို အတည်ပြုရန်နှင့် အဓိကကဏ္ဍများ ဖွံ့ဖြိုး တိုးတက်မှုများအတွက် အမိန့်ကြော်ငြာစာများကိုထုတ်ဝေရန် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခန်းကဏ္ဍတွင် ပြောင်းလဲမှုများရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက် အနည်းငယ်အတွက်သာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရယူရန် လိုအပ်ပါသည်။ အဆိုပြုလွှာများကို လျင်မြန်စွာ စိစစ်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှအတည်ပြုသည့် အတည်ပြုမိန့်ကိုလည်းရင်းနှီး မြှုပ်နှံသူများအနေဖြင့် လျှောက်ထားနိုင်ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ် သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ပါဝင်စေလျက် ဖွဲ့စည်းထားပါသည်။

## ရည်ရွယ်ချက်များ

ကော်မရှင်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ရင်းနှီးမြှုပ်နှံသူများအား ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသော ရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် အကာအကွယ်ပေးရန်။
- သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန်။
- လူမှုပတ်ဝန်းကျင်ထိခိုက်မှုများအား အလေးအနက်ထားရန်။
- နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုရှိသောဘဏ္ဍာ ရေးဆိုင်ရာသတ်မှတ်ချက်များနှင့် စစ်ဆေးမှုအလေ့အကျင့်များဖြစ်စေရန်။
- အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စေရန်။
- လက်ရှိအလုပ်သမားဥပဒေများအား လိုက်နာဆောင်ရွက်စေရန်။
- လူမှုအကျိုးစီးပွားတာဝန်ယူမှုများကို ထောက်ပံ့ပေးရန်။
- နည်းပညာများလွှဲပြောင်းယူရန်။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာ၊ ဒေသတွင်းနှင့်နိုင်ငံ၏ ပထဝီဝင်စီးပွားရေးရာ အခြေအနေအလိုက် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာရေး၊ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပုံရိပ် ပိုမိုကောင်းမွန်လာစေရေး၊ အာဆီယံဒေသ၊ မဟာမဲခေါင်ဒေသခွဲနှင့် BIMSTEC တွင် ပါဝင်သည့် နိုင်ငံများ၏ဒေသတွင်းဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများတွင် စွန့်ဦး တီထွင်သူများအတွက် အခွင့်အလမ်းများ ပိုမိုမြန်ဆန်စွာဖန်တီးပေးနိုင်ရေးနှင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက လုပ်ဆောင်နေသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအား ဖွဲ့စည်းဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းနှင့် မိတ်ဖက်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုတွင် နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သောဌာနဖြစ်စေရန်။

## ရည်ရွယ်ချက်

- နိုင်ငံတော်အစိုးရဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများအကြား နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီများရယူရေး၊စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပေါင်းစပ်ညှိနှိုင်းပေးရန်။
- နိုင်ငံတကာမှ ဖွံ့ဖြိုးမှုအကူအညီများ ရယူရာတွင် ဆက်သွယ်ရာဗဟိုဌာနအဖြစ် ဆောင်ရွက်ရန်။
- ဒေသတွင်းနှင့် ဒေသခွဲအဆင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုတွင် နိုင်ငံတော်၏ ဆက်သွယ်ရာဗဟိုဌာနအဖြစ် ဆောင်ရွက်ရန်။
- နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးရန်။

# မူဝါဒ

- နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ဖွံ့ဖြိုးမှုအကူအညီများ (ချေးငွေ၊ အထောက်အပံ့နှင့် နည်းပညာ အကူအညီ စသည်) တိုးမြှင့်ရယူ၍ အကျိုးရှိ ထိရောက်စွာ အသုံးပြုသွားရေးဆောင်ရွက်ရန်။
- နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများအကြား စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးတွင် စနစ်တကျနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ပေးရန်။
- နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးရန်။

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ် တည်ထောင်ရန်အတွက် အားထုတ်ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအား ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ လက်အောက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများနှင့် အစိုးရကြား ကနဦးပေါင်းကူးဆက်သွယ်ခြင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးမြှင့်တင်ရန်၊ အကျိုးဖြစ်ထွန်းစေသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းအား ဖန်တီးပေးခြင်းဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများအားမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ-

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများအတွက် စည်းမျဉ်းထိန်းသိမ်းသူအနေဖြင့်လည်းကောင်း
၂။ ကုမ္ပဏီ မှတ်ပုံတင်ဌာနအဖြစ်လည်းကောင်း
၃။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအနေဖြင့်လည်းကောင်း
၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံးအနေဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။

ထို့အပြင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီချက်များအား မူကြမ်းပြုစုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အတည်ပြုခြင်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များ (ဥပမာ- အာဆီယံနိုင်ငံများပါဝင်သော ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်၊ အာဆီယံနှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ) နှင့်စပ်လျဉ်း၍လည်း အဓိကဆက်သွယ်ရမည့် ဌာနအနေဖြင့်တာဝန်ယူလျှက်ရှိပါသည်။

## ရည်ရွယ်ချက်များ

- ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာစေရန်။
- ပုဂ္ဂလိက စွန့်ဦးတည်ထွင် စီးပွားရေးလုပ်ငန်းကို အားပေးရန်။
- ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ရန်။
- အဖွဲ့အစည်းတည်ထောင်ဆောင်ရွက်ပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံ မူဘောင်များအား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်။

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ပုဒ်

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သူ၊ စီးပွားရေးအသိုက်အဝန်းအတွက် ပူးပေါင်းဆောင်ရွက်သူ။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးကိုဆက်သွယ်ရမည့်အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲတွင် ကြည့်ပါ။

# မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး
# အထောက်အကူပြုဌာန (MCRB)

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် the Institute for Human Rights and Business (IHRB) နှင့် the Danish Institute for Human Rights (DIHR) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယူကေ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်အစိုးရတို့က ရန်ပုံငွေများ ထောက်ပံ့ပေးထားသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများကို အားပေးမြှင့်တင်ရန်အတွက် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အစိုးရဌာနများကြားတွင် ပညာဗဟုသုတဖြစ်စေရန် လည်းကောင်း၊ စွမ်းရည်မြှင့်တင်ပေးရန်လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်ထွန်းလာစေရန်လည်းကောင်း ဖန်တီးပေး၍ ယုံကြည်အားထားရပြီး ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းအနေဖြင့် ရပ်တည်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန
၆(က) ရှင်စောပုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အီးမေးလ်၊ info@myanmar-responsiblebusiness.org
Web: www.myanmar-responsiblebusiness.org and www.mcrb.org.mm

# ကျေးဇူးတင်လွှာ

ဤလမ်းညွှန်စာစောင်ငယ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက် အကူပြုဌာနမှ Liya Mo (MCRB ၏ ယာယီ အကြံပေး)၊ ဗစ်ကီဘိုမန်၊ Inga Makusheva နှင့် ဖြူဖြူဇင်တို့က ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။ "မြန်မာနိုင်ငံတွင် ခရီးသွားများ ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်စာစောင်" ကို အမှီပြုကိုးကား၍ ဤလမ်းညွှန်စာစောင်ငယ်ကို စီစဉ်ထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။

ဤလမ်းညွှန်စာစောင်ငယ်ကို စီစဉ်ထုတ်လုပ်ရန်အတွက် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသို့ အကြံဉာဏ်များဖြင့် ကူညီပံ့ပိုးပေးပါသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကို ကျေးဇူးတင်လိုပါသည်။ ဤလမ်းညွှန်စာစောင်ငယ်နှင့် စပ်လျဉ်း၍ အင်တာဗျူးများကို အချိန်ပေးဖြေဆို၍ ဤလမ်းညွှန်စာစောင်ငယ်ကို ရေးသားရာတွင် အဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်များအား ပေးခဲ့သူများအားလုံးကိုလည်း ထပ်မံကျေးဇူးတင်ကြားလိုပါသည်။ မြန်မာဟာသအမြင်နှင့် ပျော်ရွှင်ဖွယ်ရာများကိုပေါင်းစပ်ပြီး မိမိတို့ မျှဝေလိုသော အသိပညာများအား ပိုမိုပေါ်လွင်အောင် ကာတွန်းလက်ရာများကို ရေးဆွဲပေးထားသည့် မြန်မာ့ထိပ်တန်းကာတွန်းဆရာ ကာတွန်းအော်ပီကျယ်နှင့် လက်တွဲဆောင်ရွက်ရသည့်အတွက်လည်း ဂုဏ်ယူမိပါသည်။

© Copyright Directorate of Investment and Company Administration (DICA) and Myanmar Centre for Responsible Business (MCRB)၊ ၂၀၁၉ ခုနှစ်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) မှ ထုတ်ဝေသည်။ မူပိုင်ခွင့်ရှိသည်။ MCRB သည် ဤအစီရင်ခံစာတွင်ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာ ပြန်လည်ကူးယူထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည်ဆိုပါက MCRB ထံသို့ အကြောင်းကြားရန်နှင့် အဆိုပါကူးယူထုတ်ဝေမည့် စာမိတ္တူအား MCRB ရုံးသို့ပေးပို့ရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် (သို့မဟုတ်) ဘာသာပြန်မည့် ခွင့်ပြုချက်အားတောင်းခံရန် MCRB ရုံးလိပ်စာအတိုင်း ဆက်သွယ်ရမည်ဖြစ်သည်။

စာတမ်းဒီဇိုင်းကို Ethical Sector မှ ရေးဆွဲသည်။

# ဦးသောင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး
# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန



စီးပွားရေးရပ်ဝန်းတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ကြီးမားသော ပြုပြင်ပြောင်းလဲမှုများကို အပြည်ပြည်ဆိုင်ရာနိုင်ငံများမှ ပိုမိုအသိအမှတ်ပြုလာစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားကြိုဆိုကြောင်း အလေးထားဖော်ပြရန်အတွက် ဝန်ကြီးဌာနအသစ်တစ်ခုကို ဦးဆောင်ဖွဲ့စည်းရမည်ဟု ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ညွှန်ကြားချက်ရရှိခဲ့ရာ ကျွန်ုပ်အနေနှင့် အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူခဲ့ပါသည်။

ဝန်ကြီးဌာနအသစ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအထောက်အပံ့ အပါအဝင် စီးပွားရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်းမှုများ ခိုင်ခိုင်မာမာ ရရှိနိုင်စေရေးအတွက် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများကြားရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အောင်မြင်ရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အဓိကကျသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလာရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်ရမည့် မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို ဖော်ပြထားသည်။ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများကလည်း အလုပ်အကိုင်များဖန်တီးပေးခြင်း၊ ရရှိလာသည့် အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ အခွန်အခများပေးဆောင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်လာစေရန်ဆောင်ရွက်ခြင်းတို့ဖြင့် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်လှုပ်ရှားနေပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ထိုလုပ်ဆောင်မှုများကို ပံ့ပိုးပေးရန် အားသန်လျက်ရှိပါသည်။ သို့ရာတွင် ကုမ္ပဏီများအနေဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ခြင်း မရှိပါက ရေရှည်တည်တံ့သော စီးပွားရေး တိုးတက်မှုနှင့် လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိနိုင်လိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် မြန်မာအစိုးရက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်း များအား သက်ဆိုင်ရာဥပဒေများအသီးသီးအောက်ရှိ တာဝန်ဝတ္တရားများကိုပြည့်မီအောင် ဆောင်ရွက်ရန် လိုလားသကဲ့သို့ ကုလသမဂ္ဂ၏စီးပွားရေးနှင့်လူ့အခွင့်အရေး အခြေခံမှုများနှင့် အညီ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်လည်း မျှော်မှန်းထားပါသည်။ ၂၀၁၁ ခုနှစ် တွင် ကုလသမဂ္ဂသည် စီးပွားရေးနှင့် လူ့အခွင့်အရေးအခြေခံမှုများကို အားလုံးက တစ်ညီတစ် ညွတ်တည်း လေးစားလိုက်နာရန်အတွက် လက်ခံသဘောတူခဲ့ကြပါသည်။ ထို့အပြင် နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်နှင့် သက်ဆိုင်သည့် OECD ၏ လမ်းညွှန်ချက် အပါအဝင် အခြား စီးပွားရေးကျင့်ဝတ်အများအပြားတွင်လည်း ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးအခြေခံမှုများကို ထပ်မံဖြည့်သွင်း ပေါင်းစပ်ထား ပါသည်။ ကုမ္ပဏီများအနေနှင့် ယင်းတို့ 'လေးစားလိုက်နာရမည့်တာဝန်' များတွင် ကုမ္ပဏီ ဝန်ထမ်းများနှင့် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းစဉ်တစ်လျှောက်ရှိ စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများ ၏အခွင့်အရေးများကို လေးစားခြင်းအပြင် ရင်းနှီးမြှုပ်နှံမှု၏ သက်ရောက်မှုများကို ခံစားရနိုင် သော လူမှုအဖွဲ့အစည်း၊ ဝယ်ယူသုံးစွဲသူများနှင့် မြန်မာလူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ အခွင့်အရေးများကို လေးစားခြင်းတို့လည်း ပါဝင်ပါသည်။

လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးကို လေးစားခြင်းအား အကောင်းမွန်ဆုံးပြသနိုင်မည့် နည်းလမ်းတစ်ရပ်မှာ ထိုသူအား နားထောင်ပေးခြင်းနှင့် ထိုသူနှင့်အတူ ချိတ်ဆက်ဆောင်ရွက် ခြင်းတို့ပင်ဖြစ်သည်။ နိုင်ငံရပ်ခြားမှ မန်နေဂျာများကို အဓိက ဦးတည်၍ ဤလမ်းညွှန် စာအုပ် အားရေးသားထားသော်လည်း စာအုပ်အတွင်းတွင် ပါဝင်သော အကြောင်းအရာများသည် လူတိုင်းအတွက် အရေးကြီးပါသည်။ လေးစားမှုရှိပြီး အားလုံးကို ပါဝင်ထည့်သွင်းစဉ်းစားပေး သော လုပ်ငန်းခွင်များအားလုံးသည် အစဉ်သဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဝန်ထမ်း

များ၏ အလုပ်ထွက်နှုန်းလည်း ပိုမိုလျော့ပါးသွားမည်ဖြစ်သည်။ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများအား လေးစားလိုက်နာခြင်းသည်လည်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအပါအဝင် ကျွန်ုပ်တို့အစိုးရ၏ ပိုမိုကျယ်ပြန့်သော မျှော်မှန်းချက်များကို မှချပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ 'ဒေသခံလူထုများကို နားထောင်ပြီး ၎င်းတို့ထံမှ သင်ယူလေ့လာခြင်းဖြင့် ပဋိပက္ခများကို ကြိုတင်ကာကွယ်နိုင်သလို စီးပွားရေးလုပ်ငန်း အောင်မြင်မှုများလည်း ပိုမိုရရှိလာနိုင်သည်'ဟူသော ယခုလမ်းညွှန်စာအုပ်၏ အဓိကသတင်းစကားသည် ကျွန်ုပ်တို့အားလုံးအတွက် အကျိုးရှိနိုင်မည်ဟု ယုံကြည်ပါသည်။

**ဦးသောင်းထွန်း**
**ပြည်ထောင်စုဝန်ကြီး**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business

## ဦးအောင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်
## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
## ပြည်ထောင်စုဝန်ကြီးရုံး



မြန်မာနိုင်ငံသည် တာဝန်ယူမှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြားသား လုပ်ငန်းကျွမ်းကျင်သူများကို ကြိုဆိုပါသည်။ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုမျိုးသည် လေးစားမှုကို ပြသသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံခြားသားများအား မြန်မာ့ယဉ်ကျေးမှုကို လေးစားရန်နှင့် ရိုးရာယဉ်ကျေးမှုကို နားလည်မှုလွဲမှားသဖြင့် ရပ်ရွာလူထုနှင့် လုပ်ငန်းခွင်၌ ဖြစ်ပေါ်လာမည့် ပြဿနာများကို ရှောင်ရှားနိုင်ရန်အတွက် ကူညီပေးရန်ရည်ရွယ်၍ ဤစာစောင်ငယ်အား ပြုစုရေးသားထားခြင်းဖြစ်သည်။ ဝန်ထမ်း သို့မဟုတ် ရပ်ရွာလူထုများအား မရည်ရွယ်ဘဲ စော်ကားမိခြင်းသည် အဖွဲ့အစည်းအတွက် ပိုမိုဆိုးရွားသည့် ပြဿနာတစ်ရပ်အဖြစ် ကြီးထွားသွားနိုင်သည်။ မြန်မာနိုင်ငံတွင်လာရောက်၍ လုပ်ငန်းလုပ်ကိုင်သော နိုင်ငံခြားသားများအနေဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေ့လာသင်ယူခြင်းအားဖြင့် ၎င်းတို့ကုမ္ပဏီအနေဖြင့် “လူထုသဘောတူ ခွင့်ပြုမှု”ကို ရရှိရန်အတွက်လည်း ထောက်ပံ့ပေးရာရောက်သည်။ ဤလမ်းညွှန် စာစောင်ငယ်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ရည်ရွယ်ထားသောပရိသတ်မှာ ရင်းနှီးမြှုပ်နှံသူများဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နိုင်ငံခြားသားဝန်ထမ်းများအတွက်လည်း ဤစာစောင်ငယ်သည် အသုံးဝင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် ဘာသာရေးကိုးကွယ်ယုံကြည်မှုများ များပြားစုံလင်သည့် နိုင်ငံတစ်ခုဖြစ်သည်။ ဤလမ်းညွှန်စာစောင်ငယ်တွင် ၎င်းတို့အားလုံးကို ပြီးပြည့်စုံအောင် ထည့်သွင်းရေးသားရန်မှာ မဖြစ်နိုင်ပါ။ အသစ်ထွက်ရှိလာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ ခုနှစ် (ပုဒ်မခွဲ ၆၅ က) အရ ရင်းနှီးမြှုပ်နှံသူများသည် "နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား လူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကို လေးစားလိုက်နာရမည်" ဟု အတိအလင်း ဖော်ပြထားသည်။ သတ္တုတွင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် လမ်းဖောက်ခြင်းကဲ့သို့သော မြန်မာနိုင်ငံတွင်းရှိ ဝေးလံခေါင်ဖျားသောဒေသများ၌ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဒေသတွင်းယဉ်ကျေးမှုကို နားလည်ခြင်းနှင့် လေးစားလိုက်နာခြင်းရှိရန် ပိုမိုအရေးကြီးသည်။

အချို့သော နိုင်ငံအစွန်အဖျား ဝေးလံသည့်ဒေသများရှိ တိုင်းရင်းသားလူနည်းစုများသည် ဓလေ့ထုံးတမ်းများကို တသွေမတိမ်းပိုမိုလိုက်နာ တတ်ကြသည်။ အချို့သောဒေသများရှိ ယုံကြည်မှုများ၊ အထွတ်အမြတ်ထားသည့် နေရာများ၊ ဓလေ့ထုံးတမ်းများဆိုင်ရာ ယဉ်ကျေးမှုအရ မသင့်တော်သည့် အကြောင်းအရာများသည် မြန်မာ့ယဉ်ကျေးမှုခေတ်ရေစီးကြောင်းနှင့်နှိုင်းယှဉ်ပါက အလွန်ကွဲပြားနေနိုင်သည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ၊ ဝန်ထမ်းများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအားလုံးသည် ဒေသတွင်းရှိ လူထု၏ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအသုံးချမှု အပါအဝင် အခြားသော အခွင့်အရေးများနှင့် ယဉ်ကျေးမှုအလေ့အထများကို လေးစားလိုက်နာစေရန် ကြပ်မတ်လုပ်ဆောင်သင့်သည်။

ရိုးရာယဉ်ကျေးမှု သင်တန်းနှင့်ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ စီစဉ်ထားရှိခြင်းသည် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်တွင် ရပ်ရွာလူထုနှင့် ဆက်ဆံရေးနှင့် စပ်လျဉ်း၍ "ထိခိုက်နစ်နာမှု လျှော့ချရေးနည်းလမ်း"အဖြစ် အသုံးဝင်သလို ဒေသတွင်းဆက်ဆံရေးနှင့် ယုံကြည်မှုများကို တည်ဆောက်ရန်အတွက်လည်း နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

ဤလမ်းညွှန် စာစောင်ငယ်သည် နှစ်ဦးနှစ်ဖက် လေးစားမှုနှင့် နားလည်မှုကို ဆောက်တည်နိုင်ရန်အတွက် အဓိကရည်ရွယ်ထားခြင်းဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်မသက်ဆိုင်ပါ။ သို့သော် ရင်းနှီးမြှုပ်နှံသူများသည် အလုပ်သမား၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊

သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာ အပါအဝင် မြန်မာနိုင်ငံတွင်းရှိ လုပ်ငန်းခွင်ဆိုင်ရာဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်သင့်ပါသည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ သတင်းအချက်အလက်များရယူနိုင်သည့် အရင်းအမြစ်များကို ဤလမ်းညွှန်စာစောင်ငယ်၏ နောက်ကျောတွင် ဖော်ပြပေးထားပါသည်။

ဤလမ်းညွှန်စာစောင်ငယ်ကို စီစဉ်ထုတ်လုပ်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ကူညီပံ့ပိုးပေးသည့်အတွက် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနအား ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာစောင်ငယ်သည် ရင်းနှီးမြှုပ်နှံသူများအပြင် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးစီးပွား မျှဝေပေးမည့် အောင်မြင်၍ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

**ဦးအောင်နိုင်ဦး**

အမြဲတမ်းအတွင်းဝန်၊

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊

ပြည်ထောင်စုဝန်ကြီးရုံး။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business

## အကန့် (၁) - မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျားသည့်ဒေသများမှ ဒေသခံလူထုများနှင့် လေးစားလိုက်နာမှုရှိစွာ အတူတကွ အလုပ်လုပ်ကိုင်ခြင်း။

ဝေးလံခေါင်ဖျားသည့် တိုင်းရင်းသားဒေသများတွင် လုပ်ငန်းလည်ပတ်လိုသော ကုမ္ပဏီများအနေဖြင့် ဒေသတွင်းရှိ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းနှင့် ဒေသခံများ၏ လိုအပ်ချက်ကို နားလည်နိုင်ရန် လေ့လာသင့်သည်။ ဒေသတွင်း လူထုအနေဖြင့် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ကုမ္ပဏီတည်ရှိမှု၊ ကုမ္ပဏီဝန်ထမ်းများ၏ အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိလျှင် ကုမ္ပဏီမှ ၎င်းဒေသတွင်း တိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းသည့် ဘာသာပြန်ကိုအသုံးပြု၍ ဒေသခံလူထုများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ လိုအပ်ပါက အမျိုးသားများမပါဝင်ဘဲ အမျိုးသမီးများနှင့်သာ သီးသန့် တိုင်ပင်ဆွေးနွေးသင့်သည်။ စိုးရိမ်ပူပန်များသည် နိုင်ငံခြားသားများနှင့်သာမက ပြည်တွင်းရှိ အခြားဒေသမှ လာရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများနှင့်လည်း ဆက်စပ်နေနိုင်သည်။ မကျေလည်မှုများ၊ နစ်နာမှုများကို တိုင်ကြားရန်အတွက်လည်း ကုမ္ပဏီများက ဒေသခံလူထုနှင့်ဆွေးနွေး၍ ထိရောက်သောနည်းစနစ်များပံ့ပိုးပေးရမည်ဖြစ်သည်။

ဆောက်လုပ်ရေး (သို့မဟုတ်) စူးစမ်းတူးဖော်ရေး စခန်းများကဲ့သို့သော ဝေးလံသောဒေသများရှိ စီမံကိန်းများအတွက်မူ ကုမ္ပဏီအနေဖြင့် ဒေသတွင်းယဉ်ကျေးမှုများအား ကုမ္ပဏီဝန်ထမ်းများမှလေးစားလိုက်နာရန် အနှစ်ချုပ်ဖော်ပြခြင်း (သို့မဟုတ်) ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများအား ထားရှိဆောင်ရွက်သင့်သည်။ အဆိုပါအနှစ်ချုပ်နှင့် ကျင့်ဝတ်စည်းကမ်းများ စီစဉ်ရေးသားရာတွင်လည်း ဒေသခံလူထုများနှင့် တိုင်ပင်ဆွေးနွေး၍ ပြုလုပ်သင့်သည်။ တစ်ဆင့်ခံ ကန်ထရိုက်တာများ၏ ဝန်ထမ်းများအပါအဝင် နိုင်ငံခြားသားဖြစ်စေ၊ မြန်မာလူမျိုးဖြစ်စေ ကုမ္ပဏီဝန်ထမ်းများအားလုံးအား စီမံကိန်းတည်နေရာသို့ မရောက်ရှိခင်ဖြစ်စေ၊ ရောက်ရှိသည်နှင့် တစ်ပြိုင်နက်ဖြစ်စေ အကြိုသင်တန်းပေးခြင်းနှင့် ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာမည်ဟု သဘောတူလက်မှတ်ထိုးစေရန် စီမံကိန်းအခြေစိုက် တာဝန်ခံများမှ လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အကြိုသင်တန်း အစီအစဉ်များအား ဒေသတွင်းလူထုကိုယ်စားလှယ်မှ ပို့ချပေးရန် ဖိတ်ကြားတောင်းဆိုခြင်းသည် ကုမ္ပဏီများအနေဖြင့် ယုံကြည်မှုတည်ဆောက်ရန် ကောင်းမွန်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ သိမှတ်ဖွယ်များကို မိတ်ဆက်သင်ကြားပေးသည့် အစီအစဉ်တွင် ပါဝင်နိုင်သည့် အချက်များမှာ-

- ပွဲတော်များ၊ ဒေသ၏ ရှောင်ရန်ဓလေ့၊ ဘာသာရေး၊ ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်ပုံ၊ ယဉ်ကျေးမှု၊ သမိုင်း၊ အုပ်ချုပ်မှု၊ လူမှု စီးပွားကိစ္စများ၊ ဒေသ၏ ပထဝီအနေအထား အစရှိသည့် သတင်းအချက်အလက်များ။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business

## အကန့် (၁) - မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျားသည့်ဒေသများမှ ဒေသခံလူထုများနှင့် လေးစားလိုက်နာမှုရှိစွာ အတူတကွ အလုပ်လုပ်ကိုင်ခြင်း။

- ဒေသထုံးတမ်းစဉ်လာနှင့် သတိထားရမည်များကို ဝန်ထမ်းများက သိမြင်နေစေရန်အတွက် အပြန်အလှန် တက်ကြွစွာဆောင်ရွက်သည့် ချဉ်းကပ်ပုံများ။ (ပြဇာတ်အသွင်သင်ယူလေ့လာသည့် ပုံစံများ၊ မိမိကိုယ်ကို ပြန်သုံးသပ်ခြင်းနှင့် အုပ်စုလိုက် ဆွေးနွေးမှုများ၊ လှုပ်ရှားမှုများ)
- ပါဝင်သူ၏ကိုယ်ပိုင်ယဉ်ကျေးမှုတန်ဖိုးများနှင့် ယင်းတို့၏ဒေသယဉ်ကျေးမှုကို သက်ရောက်မည့် ပုံစံများကို ပြန်လည်သုံးသပ်ခြင်း။
- ဝန်ထမ်းများရှောင်ရမည့် ယဉ်ကျေးမှုအရ အရေးကြီးသည့်နေရာများ။
- ရပ်ရွာကမကြိုက်သည့် ရှောင်ရှားသင့်သည့် အပြုအမူများ၊ ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အကျင့်အကြံများ၊ ဒေသခံများ၏ လူမှုရေးတန်ဖိုးထားချက်များကို ရှင်းပြခြင်း။
- ရပ်ရွာတွင်သာ ကျင့်သုံးသည့် ဓလေ့များအကြောင်း ရှင်းပြခြင်း။
- ဒေသ၏ မြင်ရသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် လက္ခဏာများကို မိတ်ဆက်ပေးခြင်း။
- ဒေသခံစကားကို ထမင်းစားရေသောက် အခြေခံသင်ကြားပေးခြင်း။
- ဒေသခံရပ်ရွာသားများနှင့် တွေ့ဆုံစကားပြောနိုင်ရန် ဝန်ထမ်းများကို အခွင့်အလမ်းဖန်တီးပေးခြင်း။
- ရပ်ရွာဒေသခံများက ပြင်ဆင်ထားသည့် ဖျော်ဖြေတင်ဆက်မှုများ၊ ပွဲတော်များ။

ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းတွင် ဘိုးဘေးဘီဘင်များကို ဂုဏ်ပြုအလေးပေးသည့် တည်နေရာများအပါအဝင် မြင့်မြတ်သော (သို့မဟုတ်) အထွတ်အမြတ်ထားသည့် တည်နေရာများအား ဒေသတွင်းခွင့်ပြုချက်မရရှိဘဲ တရားမဝင် ကျူးကျော်ဝင်ရောက် ခြင်းမပြုရန်၊ အဆိုပါတည်နေရာများအတွင်း (သို့မဟုတ်) လက်ဝယ်ပိုင်ဆိုင်ခြင်းမပြုရန်နှင့် ရှေးဟောင်းအမွေအနှစ်နှင့် အထွတ်အမြတ်ထားသည့် ပစ္စည်းများအားဝယ်ယူခြင်း (သို့မဟုတ်) ပိုင်ဆိုင်ခြင်း မပြုရန် အစရှိသည့် စည်းကမ်းချက်များ အားလုံးပါဝင်သင့်ပါသည်။

*အရင်းအမြစ် - ယဉ်ကျေးမှုအမွေအနှစ်များသည် အဘယ်ကြောင့် အရေးကြီးသနည်း၊ ရီယိုတင်တို ၂၀၁၁။ စာမျက်နှာ ၆၅၊ ဇယားကွက် ၉။*

*Sustainable Development Knowledge Network (Spectrum) မှလည်း မြန်မာဘာသာပြန်အား ရယူနိုင်ပါသည်။*

# မာတိကာ


| | | |
|---|---|---|
| | အမှာစကား | ၈ |
| ၁။ | နှုတ်ဆက်ခြင်းနှင့်ဘာသာစကား | ၁၈ |
| ၂။ | ခန္ဓာကိုယ်အမူအရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့ဆက်သွယ်ပုံ | ၈ |
| ၃။ | ဝတ်စားဆင်ယင်ပုံ | ၂၄ |
| ၄။ | စားသောက်ခြင်း | ၃၃ |
| ၅။ | ဓလေ့ထုံးစံနှင့်အခမ်းအနားများ | ၄၀ |
| ၆။ | လူမှုရေးအပြန်အလှန်ဆက်သွယ်မှုများနှင့် လုပ်ငန်းခွင် ယဉ်ကျေးမှုများ | ၅၅ |

နောက်ဆက်တွဲ (၁) ၆၃
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဆိုင်ရာ
ဆက်သွယ်ရမည့်လိပ်စာများ

နောက်ဆက်တွဲ (၂) ၆၈
တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် ပတ်သက်သည့်
သတင်းအချက်အလက်များကို ရှာဖွေရန် ဝက်(ဘ်)ဆိုဒ်များ

# [ ၁ ]

# နှုတ်ဆက်ခြင်းနှင့် ဘာသာစကား





အသက်အရွယ်နှင့်ရာထူးပေါ်မူတည်ပြီး အမျိုးသားများကို အသက်အရွယ်ကြီးသူဖြစ်ပါက အမည်ရှေ့တွင် "ဦး" တပ်ခေါ်ပြီး ငယ်ရွယ်သူဖြစ်ပါက "ကို" တပ်ခေါ်ကြသည်။ ဥပမာ- ဦးအောင်ရွှေ။ အမျိုးသမီးများကိုမူ အသက်အရွယ်ကြီးပါက "ဒေါ်" တပ်ခေါ်ပြီးငယ်ရွယ်လျှင် "မ" တပ်ခေါ်ကြသည်။ ခွဲခြားရန်အခက်အခဲရှိပါက အထူးသဖြင့် အစိုးရအရာရှိများနှင့် တွေ့ဆုံရာတွင်- "ဦး"/"ဒေါ်" သာတပ်ခေါ်သင့်သည်။ အမည်မှတ်မိရန်ခက်ခဲပါက ပညာတတ်များကို လေးစားစွာခေါ်ဝေါ်သည့်အနေဖြင့် "ဆရာ၊ ဆရာမ" (သင်ကြားပေးသူ) ဟု ခေါ်လေ့ရှိသည်။ (တိုင်းရင်းသားနယ်ပယ် အသိုက်အဝန်းများတွင် အခြားကွဲပြားခြားနားသည့် ခေါ်ဝေါ်မှုများကို သုံးစွဲကြသည်ကို သတိပြုရန်)။




မြန်မာစကားအချို့သင်ယူခြင်း။ ဥပမာ -

| | | |
|---|---|---|
| Hello | – | "မင်္ဂလာပါ"။ |
| Thank you | – | "ကျေးဇူးတင်ပါတယ်"။ |
| How are you? | – | "နေကောင်းလား"။ |
| I am fine | – | "နေကောင်းပါတယ်"။ |
| Bye/I'm going | – | "သွားမယ်နော်" |




အရေးကြီးသည့် အကြောင်းအရာဖြစ်ပါက သင့်စကားအားနားလည်မှု ရှိမရှိပြန်လည်စစ်ဆေးသင့်သည်။ မြန်မာလူမျိုးများသည် သင်ပြောသည်ကို နားမလည်ပါကလည်း ထုတ်ပြောရမည်ကို အားနာတတ်ကြသည်။ အဆိုပါအခြေနေများတွင် သင်၏မေးခွန်းအား "သင် ဘာသိဖို့လိုပါသေးသလဲ"၊ "ဤကိစ္စကို ဘယ်လိုလုပ်မလဲ"ဟူ၍ စကားလမ်းကြောင်းပေး၍ မေးမြန်းနိုင်သည်။



အခြားသူများအား လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့ထားပြီး လက်အုပ်ချီ၍ မနှုတ်ဆက်ရပါ။ ထိုအမူအရာသည် ရဟန်းသံဃာများနှင့် တွေ့ဆုံနှုတ်ဆက်ချိန်တွင်သာ ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာတို့၏ ရိုးရာနှုတ်ဆက်ပုံ မဟုတ်ပါ။



မြန်မာလူမျိုးတို့သည် စီးပွားရေးကိစ္စအတွက် အချင်းချင်းနှုတ်ဆက်သည့်အခါ ဖက်ခြင်း၊ နမ်းခြင်းဖြင့် နှုတ်ဆက်လေ့မရှိပါ။ လက်ဆွဲနှုတ်ဆက်ရုံဖြင့် လုံလောက်သည်။ အချို့ အမျိုးသမီးများသည် လက်ဆွဲနှုတ်ဆက်ခံရသည်ကို မလိုလားခြင်းမျိုးလည်း ရှိနိုင်သည်။ ထို့ကြောင့် အမျိုးသမီးဘက်က လက်ဆွဲနှုတ်ဆက်ရန် စတင်လက်ဆန့်တန်းလာသည်အထိ စောင့်ဆိုင်းခြင်းက ပိုသင့်တော်သည်။ သာမန်အခြေအနေများတွင် ပြုံးပြခြင်း၊ ခေါင်းငြိမ့်ပြခြင်း တို့သည် လုံလောက်ပါသည်။

# [ ၂ ]

# ခန္ဓာကိုယ်အမူအရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့ဆက်သွယ်ပုံ



လူတစ်ယောက်၏ ဦးခေါင်းသည် မြင့်မြတ်သည်ဟု ယူဆသလို သူတစ်ပါး၏ ခေါင်း၊ ပါး၊ ဆံပင်တို့ကို မကိုင်ရပါ။ ပစ္စည်းများကိုလည်း သူတစ်ပါးခေါင်းပေါ်မှကျော်၍ ပေးကမ်းခြင်းမျိုး မပြုရပါ။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business



မိမိထက် အသက်အရွယ်ကြီးသောသူ ထိုင်နေပါက (သို့မဟုတ်) ဘုန်းကြီးရှိပါက ၎င်းတို့ရှေ့မှ ဖြတ်လျှောက်သည့်အခါ လေးစားမှုပေးသည့်အနေဖြင့် ခေါင်းအနည်းငယ်ငုံ့ကြသည်။




တစ်စုံတစ်ယောက်ကို တိုက်မိသွားလျင်လည်းကောင်း၊ တစ်စုံတစ်ယောက်ကို ကျော်၍ ဖြစ်စေ၊ အနောက်မှနေ၍ဖြစ်စေ တစ်စုံတစ်ခုကိုလှမ်းယူ/သုံးစွဲသည့်အခါမျိုးတွင် "ကန်တော့" (Excuse me) သို့မဟုတ် "ကန်တော့နော်"ဟု ပြောရသည်။



တစ်စုံတစ်ခုအား ညွှန်ပြလိုပါက ခြေထောက်ဖြင့် မညွှန်ပြရပါ။ ခန္ဓာကိုယ်အောက်ဆုံးပိုင်းဖြစ်သည့် ခြေထောက်ဖြင့် ညွှန်ပြခြင်းသည် ရိုင်းပြသည်ဟု ဟုယူဆခြင်းကြောင့် ဖြစ်သည်။



သူတစ်ပါးထံပစ္စည်းပေးပါက ညာဘက်လက်ဖြင့် (ညာဖက်လက်ကောက်ဝတ်ကို ဘယ်ဘက်လက်ဖြင့် ထိ၍)၊ (သို့မဟုတ်) လက်နှစ်ဖက်လုံးဖြင့် သေချာစွာကိုင်တွယ်၍ ပေးသင့်သည်။ ပစ္စည်းများအား ပစ်ပေးခြင်းမျိုး မပြုရပါ။



ရေပုံးကဲ့သို့သော ရေထည့်ထားသည့် အရာများထဲသို့ ခြေထောက် မနှစ်ရပါ။ ခြေထောက် ဆေးလိုလျှင် ရေကိုခပ်လောင်း၍သာ ဆေးပါ။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business




မြန်မာလူမျိုးများသည် တစ်စုံတစ်ရာကို နားထောင်နေစဉ်တွင် လက်ပိုက်ထားတတ်သည်။ ဤအမူအရာသည် လေးစားခြင်းကို ပြသသည့်သဘောဖြစ်သည်။



အသုံးအဆောင်ပစ္စည်းများအား မကျော်ခွရပါ။ အထူးသဖြင့်စာအုပ်များ (သို့မဟုတ်) စာရွက်စာတမ်းများသည် အသိပညာကို ကိုယ်စားပြုသဖြင့် အဆိုပါအရာများအား ကျော်ခွခြင်းသည် အသိပညာကို မလေးစားရာရောက်သည်။

Ministry of Investment and Foreign Economic Relations

# [ ၃ ]
# ဝတ်စားဆင်ယင်ပုံ



ဝတ်စားဆင်ယင်ခြင်း (အထူးသဖြင့် အမျိုးသမီးများ၏ စကတ်အတိုအရှည်)နှင့် ပတ်သက်လျင် မြန်မာလူမှုအသိုက်အဝန်းသည် ရှေးရိုးစွဲဖြစ်နေသည်။ ဘာသာရေးအဆောက်အဦများသို့ သွားရောက်ရာတွင် ဒူးနှင့်ပခုံးများအား ဖုံးကွယ်ထားရှိသည့် အဝတ်အစားမျိုးကိုသာ ဝတ်ဆင်သင့်သည်။




ရုံးတွင်း မဝင်မီဖိနပ်ချွတ်ရန် လိုမလိုစစ်ဆေးပါ။ ဘာသာရေးအဆောက်အဦများ၊ အိမ်များ အတွင်းသို့ မဝင်မီတွင် ဖိနပ်ချွတ်ရသည်မှာ ထုံးစံဖြစ်သည်။ အချို့သူများသည် စင်ပေါ် တက်ရ သည့်အခါမျိုးတွင် ဖိနပ်ချွတ်တက်လေ့ရှိသည်။



ထုတ်ကုန်ပစ္စည်းများ၏ သန့်ရှင်းစင်ကြယ်မှုအား ကာကွယ်လိုသည့်အတွက် (အမျိုးသမီး) ဝန်ထမ်းများကို သနပ်ခါးလိမ်းခြယ်ခွင့် ရှိမရှိ ကြိုတင်အသိပေးထားသင့်သည်။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business



သင့်တော်သည့် တူညီဝတ်စုံနှင့် လုပ်ငန်းခွင်ဝတ်စုံများဖြစ်စေရန်အတွက် မြန်မာဝန်ထမ်းများနှင့်တိုင်ပင်ပါ။ (ဥပမာအားဖြင့် မြန်မာဝတ်စုံ သို့မဟုတ် အနောက်တိုင်းဝတ်စုံ၊ ဒူးဖုံး သို့မဟုတ် ခြေမျက်စိဖုံးအရှည်၊ ဒေါက်မြင့်ဖိနပ် သို့မဟုတ် ဖိနပ်ပါး အစရှိသဖြင့်)




မြန်မာရုံးများတွင် ဝတ်စားဆင်ယင်ပုံမှာ ပေါ့ပေါ့ပါးပါးသာဖြစ်သော်လည်း အစိုးရ ဝန်ကြီးဌာနများသို့ သွား ရောက်ပါက ရုံးနှင့်သင့်လျော်သည့်ဝတ်စုံမျိုး (ကုတ်အင်္ကျီဝတ်ဆင်ရန် မလိုအပ်သော်လည်း) ဝတ်ဆင်သင့်သည်။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business




မြန်မာဝတ်စုံ–လုံချည် (အမျိုးသားများအတွက် ပုဆိုး၊ အမျိုးသမီးများအတွက် ထမီ) ကို ကြိုးစားဝတ်ဆင်သည့် နိုင်ငံခြားသားများကို မြန်မာလူမျိုးများက တန်ဖိုးထားသည်။

# [ ၄ ]

# စားသောက်ခြင်း



အစားအသောက်များ ကျွေးမွေးဧည့်ခံလျှင် လက်ခံစားသုံး၍ “ကျေးဇူးပါ” (သို့မဟုတ်) “ကျေးဇူးတင်ပါတယ်” ဟု စကားတုန့်ပြန်ပြောဆိုခြင်းသည် ယဉ်ကျေးရာရောက်သည်။



နေ့လယ်စာအတွက် အစားအသောက်များနှင့် ခရီးမှပြန်လာပါက ဒေသထွက်အစားအစာများ ယူဆောင်လာ၍ အလုပ်ခွင်တွင် မျှဝေစားသောက်ခြင်းသည် မြန်မာထုံးစံဖြစ်သည်။



လုပ်ငန်းခွင်မှ မိတ်ဆွေများနှင့် အစားအသောက်များစားသုံးခြင်းသည် လူမှုရေးအရဖြစ်ပြီး အလုပ်ကိစ္စအတွက် မဟုတ်ပါ။




မြန်မာအမျိုးစုအထူးသဖြင့် အမျိုးသမီးများသည် အရက်သောက်သုံးလေ့မရှိပါ။ လုပ်ငန်းခွင် ဆိုင်ရာ ပွဲအစီအစဉ်များတွင် အရက်သောက်သုံးခြင်း များစွာပါဝင်သည့်ပွဲမျိုးကို စီစဉ်ဆောင် ရွက်ခြင်းမျိုးကို ရှောင်သင့်သည်။




မြန်မာလူမျိုးများသည် နေ့လယ်စာအား အချိန်မှန်စားလေ့ရှိသည်။ အစည်းအဝေးများတွင် နေ့လယ်စာစားချိန်အား ၁၂း၃၀ ထက်နောက်ကျ၍ စီစဉ်ခြင်းမျိုးမှ ရှောင်ရှားပါ။

# [ ၅ ]

# ဓလေ့ထုံးစံနှင့် အခမ်းအနားများ



မြန်မာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လှောင်ပြောင်ခြင်း၊ စော်ကားခြင်းများ မပြုလုပ်ရပါ။



စေတီပုထိုး၊ ဘုရားဆင်းတုတော်နှင့် ဘုရားပုံရိပ်များရှေ့တွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ လေးစားမှုမရှိသည့်ပုံစံမျိုးဖြင့် ဓာတ်ပုံမရိုက်ရပါ။




မြန်မာလူမျိုးအချို့သည်စီးပွားရေးလုပ်ငန်းဆိုင်ရာပွဲများ၊ဥပမာဖွင့်ပွဲအခမ်းအနားများအတွက် ပြက္ခဒိန်အရ နေ့ကောင်းရက်မြတ်အား ရွေးချယ်လိုခြင်းမျိုး ရှိနိုင်သည်။



ရုံးသစ်ဖွင့်ပွဲ၌ ဘုန်းကြီးပင့်၍ ဆွမ်းကပ်ရာတွင် မွန်းမတည့်ခင် မနက် ၁၁ နာရီဝန်းကျင် ၁၂ နာရီမထိုးခင်တွင် ဆွမ်းကပ်ရသည်။ ဘုန်းကြီးဆွမ်းကပ်ပြီးမှသာ ဧည့်သည်များ စားသုံးနိုင်သည်။



လုပ်ငန်းခွင်တွင် လူမျိုးဘာသာပေါင်းစုံ ရှိနေနိုင်သဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ ဘာသာရေးဆိုင်ရာ ရက်ထူးရက်မြတ်များတွင် ကိုးကွယ်မှုများကို ပြုနိုင်ရန်အတွက် ခွင့်ပြုပေးရမည်။ အဆိုပါဘာသာရေးဆိုင်ရာ နေ့ထူး ရက်မြတ်များတွင် အစိုးရရုံးပိတ်ရက်များ၊ ဗုဒ္ဓဘာသာအရ အဓိကကျသည့် ပိတ်ရက်များ၊ ခရစ္စမတ်၊ အီးဒ် (အီဒွလ်အဒ်ဟာ) နေ့နှင့် ဒေဝါလီနေ့များပါဝင်ပြီး ဝန်ထမ်းများကို ခွင့်ပေးရမည်။



သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်ကြား အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် အလုပ်ခွင်မှ စုပေါင်းပြီး ဆွမ်းကပ်ခြင်း၊ ကထိန်သင်္ကန်းကပ်ခြင်း၊ လူကြီးမိဘများနှင့် အထက်လူကြီးများကို ကန်တော့ခြင်းများ ပြုလုပ်လေ့ရှိသည်။ ကန်တော့ခံရသည့်လူကြီးမိဘများက မုန့်ဖိုးပြန်ပေးလေ့ရှိပြီး မန်နေဂျာများမှာမူ ထိုသို့ပေးရန်မလိုပါ။




ကျေးလက်ဒေသများနှင့် မြန်မာပြည်ရှိဒေသအချို့တို့တွင် ဝန်ထမ်းများသည် ဥပုသ်နေ့များတွင် အလုပ်နားလိုခြင်းမျိုး ရှိနိုင်သည်။ ဝါတွင်းကာလ (ဇူလိုင်မှ အောက်တိုဘာ)တွင် စနေ၊ တနင်္ဂနွေပိတ်ရက်အစား ဥပုသ်နေ့ကို အားလပ်ရက်အဖြစ် သတ်မှတ်ထားရှိနိုင်သည်။ မည်သည့်ရက်ကို အားလပ်ရက်အဖြစ် သတ်မှတ်သင့်ကြောင်း ဆုံးဖြတ်ရာတွင် ဝန်ထမ်းများ၏ အလိုဆန္ဒကိုသိရှိရန်နှင့် လုပ်ငန်းလည်ပတ်မှုလိုအပ်ချက်နှင့်ကိုက်ညီစေရန်အတွက် ဝန်ထမ်းများနှင့် ဆွေးနွေးသင့်သည်။



လုပ်ငန်းခွင်ဆိုင်ရာလိုအပ်ချက်များအရ အခြေအနေပေးပါက တတ်နိုင်သလောက် ဝန်ထမ်းများကို ဘာသာရေးနှင့် အခြားလူမှုရေးပွဲများသွားနိုင်ရန်အတွက် ခွင့်ပေးသင့်သည်။ သာရေးနာရေးပွဲများ (မွေးဖွားခြင်း၊ မင်္ဂလာဆောင်၊ နာရေးနှင့် အလှူအစရှိသည့်ပွဲများတွင် တက်ရောက်ပါဝင်ခြင်း) သည် မြန်မာ့ယဉ်ကျေးမှုအရ အရေးပါသည်။

# [ ၆ ]

# လူမှုရေးအပြန်အလှန် ဆက်သွယ်မှုများနှင့် လုပ်ငန်းခွင်ယဉ်ကျေးမှုများ




“အားနာတယ်”ဆိုသောစကားသည် မြန်မာတို့ အမြဲပြောလေ့ရှိသောစကားဖြစ်ပြီး အခြားသူ၏ခံစားချက်ကို ထိခိုက်နိုင်သည်ဟုယူဆပါက အကောင်းအဆိုးကို ပွင့်ပွင့်လင်းလင်း တိုက်ရိုက်မပြောဆိုဘဲ နေမည်ဟူသည့် အဓိပ္ပာယ်သက်ရောက်သည်။ မြန်မာလူမျိုးများသည် သင့်အပေါ် ဒေါသထွက်နေလျှင်ပင် ပြုံးကောင်း ပြုံးနေနိုင်သည်။




ဒေါသကိုထိန်းပါ။ ဝန်ထမ်းများအား အသံကျယ်လောင်စွာအော်ဟစ်ခြင်း၊ ကျိန်းမောင်းခြင်းမျိုး မပြုပါနှင့် (အထူးသဖြင့် အများသူငါ အရှေ့တွင်)။ မြန်မာ အသိုင်းအဝိုင်းတွင် ဆူပူအော်ဟစ်ခြင်းကို အားနည်းချက်ဟု ရှုမြင်ပြီး မျက်နှာပျက်စရာအဖြစ် မှတ်ယူကြသည်။ ၄င်းအပြုအမူသည် ဝန်ထမ်းများအတွက်ရော၊ သင့်အတွက်ပါ အရှက်ရစရာဖြစ်သည်။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business




“အင်း” – ဟုတ်တယ်။ ဟုတ်ကဲ့။ ဟု အပေါ်ယံပြောဆိုခြင်းကို အမှန်မယူပါနှင့်။ မြန်မာလူမျိုးများသည် မျက်နှာပျက်မှာ စိုးသောကြောင့် မေးခွန်းတိုင်းကို “အင်း” – ဟုတ်တယ်ဟုသာ ဖြေလေ့ရှိသည်။



မြန်မာပြည်တွင် အချင်းချင်းလစာဘယ်လောက်ရသလဲဟု မေးမြန်းခြင်းသည် ရိုင်းပြသည်ဟု မထင်မြင်ကြပါ။ ထို့ကြောင့်လည်း လစာအခြေအနေသည် အလွန်ပွင့်လင်းမှုရှိသည်။



မြန်မာနိုင်ငံတွင် ဘာသာလူမျိုးပေါင်းစုံရှိသည်။ လုပ်ငန်းခွင်အတွင်းရှိ မတူကွဲပြားခြားနားမှုများကို သင်ယူသိရှိနိုင်ရန် အချိန်ယူပါ။ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ဦးစားပေးနှစ်သက်မှုများကို လေးစားမှုပေးရမည် ဖြစ်သလို အုပ်ချုပ်သူ (supervisor) များ အပါအဝင် မည်သူမှဖြစ်စေ လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှု မပြုရပါ။




နှစ်စဉ်ဘောနပ် (အပိုကြေး) ပေးရန်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် အချို့ အလုပ်ရှင်များသည် နှစ်ကုန်ဆုံးချိန်တွင်တစ်လစာလုပ်ခအပိုပေးခြင်း၊ ခရစ္စမတ်လက်ဆောင် နှင့် သင်္ကြန်လက်ဆောင်ပေးခြင်း သို့မဟုတ် ပွဲလရာသီချိန်တွင် ဝန်ထမ်းများနှင့် အတူတကွ အပြင်ထွက်လည်ပတ်ခြင်း၊ ဝန်ထမ်းများ စိတ်အားထက်သန်လာစေရန် ဆုချပေးခြင်း၊ အသိ အမှတ်ပြုခြင်းတို့ ပြုလုပ်သည်။

MIFER
Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business



မြန်မာနိုင်ငံတွင် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အလေ့အကျင့်များအား လေးစားလိုက်နာမှု အားနည်းသောကြောင့် ဝန်ထမ်းများကို ဘေးကင်းလုံခြုံစွာလုပ်ကိုင်ရန်အတွက် သင်တန်းပေးခြင်း၊ ဆုချခြင်းများ ပြုလုပ်ပေးသင့်သည်။

## နောက်ဆက်တွဲ (၁)

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဆိုင်ရာ ဆက်သွယ်ရမည့်လိပ်စာများ

**တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများရုံးချုပ်**
ရန်ကုန်။
အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၆၅၈၁၀၃

**နေပြည်တော်ရုံးဦးစီးမှူးရုံး၊ နေပြည်တော်**
ရုံးအမှတ် ၃၂ ၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၆၁၂၄ ၊ ၀၆၇-၄၀၆၁၆၆

**မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး**
၂၆ x ၂၇ လမ်းကြား၊ ၈၄လမ်း၊ ဈေးချိုမြောက်ဘက်တိုက်တန်း၊ တတိယထပ်၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၂-၄၀၈၆၆၆၁၊ ဖက်စ်-၀၂-၄၀၈၆၆၆၀

**ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး**
စုပေါင်းရုံး (OSS)၊ မြက်တိုရပ်ကွက်၊ ပုသိမ်မြို့
ဖုန်း ၀၄၂ -၂၉၂၅၆၊ ဖက်စ် ၀၄၂-၂၉၂၅၈

**တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး**
မြို့နယ်စုပေါင်းရုံး၊ ဆန်းချိုရပ်၊ ထားဝယ်မြို့
ဖုန်း- ၀၅၉ ၂၂၂၃၀ ၊ ဖက်စ်- ၀၅၉ ၂၂၂၃၃

**ကချင်ပြည်နယ်ဦးစီးမှူးရုံး**
ပြည်နယ်အစိုးရအဖွဲ့ရုံး၊ သုခနေလမ်း၊ ဘားအံမြို့
ဖုန်း- ၀၅၈ ၂၂၇၄၉ ၊ ဖက်စ်- ၀၅၈ ၂၂၇၅၀

**ကယားပြည်နယ်ဦးစီးမှူးရုံး**
ခရိုင်စုပေါင်းရုံး၊ ဦးနီလမ်း၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့
ဖုန်း- ၀၈၃-၂၂၂၄၁၈၄၊ ဖက်စ်-၀၈၃-၂၂၂၄၁၈၅

**ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**
ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၊ မေယုလမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
ဖုန်း-၀၄၃- ၂၀၂၄၅၂၈၊ ဖက်စ်- ၀၄၃- ၂၀၂၄၅၂၉

**ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးခွဲနှင့် တစ်နေရာတည်း၌ တစ်စု တစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်သည့် အဖွဲ့ရုံး(OSS)၊ ရန်ကုန်မြို့**
မြေကွက်အမှတ် ၄၉၊ မြေတိုင်းအမှတ် ၈၅/ ကံဘဲ့၊ စိမ်းလဲ့မေ လမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း +၉၅ ၀၁ ၆၅၈၂၆၃၊ ဖက်စ်- ၀၁ ၆၅၈၂၆၄

**ရှမ်းပြည်နယ် ဦးစီးမှူးရုံး**
ရုံးကြီးလမ်း၊ သစ်တောရပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးဟောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
ဖုန်း - ၀၈၁-၂၁၂၄၂၉၃၊ ဖက်စ် -၀၈၁-၂၁၂၄၉၇၄

**မွန်ပြည်နယ် ဦးစီးမှူးရုံး**
မော်လမြိုင်မြို့နယ်စုပေါင်းရုံး၊ တတိယထပ်၊ ရုံးကြီးလမ်း၊ ပန်းပဲတန်းရပ်ကွက်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ ဖုန်း - ၀၅၇-၂၀၂၃၃၉၅၊ ဖက်စ်-၀၅၇-၂၀၂၃၃၈၅

**စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး**
ခရိုင်စီမံခန့်ခွဲရေးကော်မတီရုံးဝင်း၊ ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။
ဖုန်း ၀၇၁ ၂၆၂၇၄

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်း၊ တောင်ငူလမ်း၊ ရုံးကြီး ရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း- ၀၅၂-၂၂၀၁၇၄၇ ၊ ဖက်စ်- ၀၅၂-၂၂၀၁၇၄၈

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**
မြို့နယ်စုပေါင်းရုံး၊ ဒုတိယထပ်၊ ပြည်တော်သာ(၁)လမ်း၊
ပြည်တော်သာရပ်ကွက်၊ မကွေးမြို့
ဖုန်း- ၀၆၃-၂၈၇၄၈ ၊ ဖက်စ်- ၀၆၃-၂၈၇၄၈

**ကချင်ပြည်နယ်ဦးစီးမှူးရုံး**
ပြည်နယ်စိုးရအဖွဲ့ရုံး၊ ရုံးကြီးလမ်း၊ ရှောရပ်ကွက်၊
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
ဖုန်း- ၀၇၄-၂၅၂၄၂၀၁ ၊ ဖက်စ်- ၀၇၄-၂၅၂၀၁၀၃

**ချင်းပြည်နယ်ဦးစီးမှူးရုံး**
ခရိုင်စုပေါင်းရုံး၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။
ဖုန်း/ဖက်စ်- ၀၇၀-၂၁၃၂၃

**ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၁)**
ဖုန်း- ၀၁ ၆၅၈၁၃၆ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ(၂၀၈) ၊(၂၀၉)
ဖက်စ်-၀၁ ၆၅၈၁၃၆

**ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၂)**
ဖုန်း- ၀၁ ၆၅၈၁၂၈ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ(၂၁၀) ၊(၂၁၁)
ဖက်စ်-၀၁ ၆၅၈၁၄၁

**ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)**
ဖုန်း- ၀၁ ၆၅၈၁၂၉ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ(၂၁၃)၊(၂၁၅)
ဖက်စ်-၀၁ ၆၅၈၁၃၇

**ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၄)**
ဖုန်း- ၀၁ ၆၅၈၁၃၀ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၂၁၄) ၊(၁၄၇)
ဖက်စ်-၀၁ ၆၅၈၁၄၂

**မူဝါဒနှင့် ဥပဒေရေးရာဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၁၃၁ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ(၃၀၈) ၊(၃၀၉)
ဖက်စ်-၀၁ ၆၅၈၁၃၉

**ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၁၃၂ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၃၀၆) ၊(၃၀၇)
ဖက်စ်-၀၁ ၆၅၈၁၄၃

**ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၁၃၃ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၁၀၇) ၊(၁၄၈)
ဖက်စ်-၀၁ ၆၅၇၈၂၄

**စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၁၃၄ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၃၀၄) ၊(၃၀၅)
ဖက်စ်-၀၁ ၆၅၈၁၄၅

**ကုမ္ပဏီရေးရာဌာနခွဲ**
ဖုန်း- ၀၁ ၆၅၇၈၉၁၊ ၀၁ ၆၅၈၁၀၅ ၊ ၀၁ ၆၅၇၇၁၄ ၊
၀၁ ၆၅၇၀၅၇ ၊၀၁ ၆၅၈၁၀၃ လိုင်းခွဲ (၁၀၃) ၊ (၁၀၄) ၊ (၁၀၅)
ဖက်စ်-၀၁ ၆၅၇၁၃၅

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၂၅၆ ၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၃၀၂) ၊(၃၀၃)
ဖက်စ်-၀၁ ၆၅၇၈၂၅


**စီမံရေးနှင့် ငွေစာရင်းဌာနခွဲ**
ဖုန်း- ၀၁ ၆၅၈၁၄၀၊ ၀၁ ၆၅၈၁၀၃ လိုင်းခွဲ( ၂၀၅)၊ (၂၀၆)၊(၂၀၇)
ဖက်စ်-၀၁ ၆၅၈၁၂၅

# နောက်ဆက်တွဲ (၂)

## တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုရှာဖွေရန် ဝက်(ဘ်)ဆိုဒ်များ



ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဝက်(ဘ်)ဆိုဒ်
mifer.gov.mm



ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ
ညွှန်ကြားမှု ဦးစီးဌာနဝက်(ဘ်)ဆိုဒ်
www.dica.gov.mm



Myanmar Companies online (MyCo) ဝက်(ဘ်)ဆိုဒ်
www.myco.dica.gov.mm



အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏
မြန်မာအလုပ် သမားဥပဒေဆိုင်ရာလမ်းညွှန်
www.ilo.org/yangon/publications/
WCMS_577563/lang--en/index.htm



မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန (MCRB) ၏ ဝက်(ဘ်)ဆိုဒ်
www.mcrb.org.mm




MIFER

Ministry of Investment and Foreign Economic Relations

DICA

Myanmar Centre for Responsible Business

